**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ တိုင်း ၄ တိုင်းတွင် နိုဝင်ဘာလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၄၈ ဦး ဖမ်းဆီးခံခဲ့ရသည်။ မွန်ပြည်နယ်တွင် ၂၁ ဦး၊ မကွေးတိုင်းတွင် ၂၀ ဦး၊ ရန်ကုန်တိုင်းတွင် ၆ ဦးနှင့် ပဲခူးတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**သတ်ဖြတ်ခံရမှုများ**


မြန်မာနိုင်ငံရှိ ပြည်နယ် ၃ ပြည်နယ်နှင့် တိုင်း ၄ တိုင်းတွင် နိုဝင်ဘာလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၅၀ ဦး သတ်ဖြတ်ခံခဲ့ရသည်။ မကွေးတိုင်းတွင် ၂၇ ဦး၊ ရခိုင်ပြည်နယ်တွင် ၉ ဦး၊ ကရင်နီပြည်နယ်တွင် ၅ ဦး၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၃ ဦးစီ၊ တနင်္သာရီတိုင်းတွင် ၂ ဦးနှင့် ကချင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါ သည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၄ ခုနှင့် တိုင်း ၅ ခုတို့တွင် နိုဝင်ဘာလ တတိယပတ်အတွင်း စစ်ကော်မရှင်တပ်မှ လေကြောင်း တိုက်ခိုက်မှု ၇၁ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် ၂၉ ကြိမ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၁၀ ကြိမ်စီ၊ ရခိုင် ပြည်နယ်တွင် ၇ ကြိမ်၊ တနင်္သာရီတိုင်းတွင် ၅ ကြိမ်၊ ကရင်နီပြည်နယ်တွင် ၄ ကြိမ်၊ မန္တလေးတိုင်းတွင် ၃ ကြိမ်၊ ပဲခူးတိုင်း တွင် ၂ ကြိမ်နှင့် ကချင်ပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။

**တိုက်ပွဲတွင် ကျဆုံးမှုများ**

| | |
|---|---|
| ၁၆၆ ဦး | စစ်ကော်မရှင်တပ်သား |
| ၇ ဦး | PDF ရဲဘော်များ ကျဆုံး |
| ၄၆ ကြိမ် | တိုက်ပွဲ အကြိမ်အရေအတွက် |




## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

အွန်လိုင်းငွေလိမ် (ကျားဖြန့်)နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားမယ်လို့ တရုတ်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ ဗီယက်နမ် စတဲ့ ၆ နိုင်ငံ ပူးတွဲလုပ်တဲ့ ကူမင်းဆွေးနွေးပွဲကနေ ရလဒ်ထွက်တယ်လို့ စစ်ကော်မရှင်က နိုင်ငံပိုင်သတင်းစာကနေ နိုဝင်ဘာလ ၁၆ ရက်မှာ ကြေညာပါတယ်။ ဒေသတွင်းမှာ အွန်လိုင်းလိမ်လည်မှု အဓိကလုပ်နေတဲ့ နေရာတွေကို အဲဒီနိုင်ငံတွေက ပူးတွဲထိန်းချုပ်သွားဖို့ကိုလည်း ဆွေးနွေးခဲ့ကြတယ်လို့ စစ်ကော်မရှင်က ပြောပါတယ်။

စစ်ကော်မရှင်ကျင်းပတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၁၀) နှစ်ပြည့် အခမ်းအနားကို တက်ရောက်ခဲ့တဲ့ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌဟောင်း စောမူတူးစေးဖိုးနဲ့ ခရိုင်ဥက္ကဋ္ဌဟောင်း စောရွှေမောင်း တို့ကို အဖွဲ့အစည်းမှ လုံးဝထုတ်ပယ်လိုက်ကြောင်း KNU ပြောခွင့်ရသူ ပဒိုစောတောနီးက ပြောပါတယ်။

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ အဖွဲ့ဝင်များဖြစ်ကြသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့သည့် အဖွဲ့ဝင်အဖြစ်မှ ယာယီနုတ်ထွက်သွားကြောင်း စုံစမ်းသိရှိရပါ တယ်။ NUCCကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs)၊ အထွေထွေ သပိတ်ကော်မတီများအခြားသော ပါဝင်သင့်သည့် အင်အားစုများဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် စတင်စုဖွဲ့ခဲ့ရာ လက်ရှိတွင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများဖြစ်သည့် KNU နှင့် KNPP တို့ ယာယီနုတ်ထွက်ခဲ့ခြင်း ဖြစ်ပါတယ်။

## ဒေသအလိုက် အချက်အလက်

| Data of Myanmar Conflict 15-21, November 2025 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Houses burned down** |
| **BAGO** | 4 | 2 | 32 | | 1 | 2 | 1 | |
| **CHIN** | 14 | 29 | 67 | | | | | |
| **IRRAWADDY** | 5 | | | | | | | |
| **KACHIN** | 1 | 1 | | | 1 | | | |
| **KAREN** | 1 | | | | | | | |
| **KARENNI** | | 4 | | | | 5 | | |
| **MAGWAY** | 6 | 10 | 22 | | 3 | 24 | 20 | 98 |
| **MANDALAY** | 6 | 3 | 20 | 5 | | | | |
| **MON** | 2 | | 9 | | | | 21 | |
| **RAKHINE** | 1 | 7 | | | 2 | 7 | | |
| **SAGAING** | 4 | 10 | 16 | | | 3 | | |
| **TANINTHARYI** | 2 | 5 | | 2 | | 2 | | |
| **YANGON** | | | | | | | 6 | |
| **TOTAL** | **46** | **71** | **166** | **7** | **7** | **43** | **48** | **98** |

